**Network for Democracy and Development**

**Documentation and Research Department**

PO Box 179, Mae Sot 63110, Thailand. Tel + 66 1 7241281, E-mail: ndddrd07@csloxinfo.com

# အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
# အမှတ်စဉ် (၃၅၈)

## “ကြပ်ပြေး နန်းတွင်းအရှုတ်တော်ပုံ အမှတ်(၂၃)”

နအဖစစ်အာဏာရှင်ကြီးတွေက ဘာကြောင့် ရန်ကုန်မြို့တော်ကိုစွန့်ခွာပြီး ကြပ်ပြေးမြို့တော်သစ်ကို ပြောင်းရွှေ့အခြေချဖို့ ဆုံးဖြတ်ခဲ့ကြသလဲ၊ ဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး လေ့လာသူတွေက ရှုဒေါင့်အမျိုးမျိုးကနေ သုံးသပ်ပြောဆိုခဲ့ကြပါတယ်။

သုံးသပ်သူအများစုကတော့ စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးတွေမှာ စွဲကပ်နေတဲ့ **Xenophobia** ခေါ် လူမျိုးခြားကြောက်တတ်တဲ့ စိတ်ရောဂါနဲ့ **Superstition** ခေါ် အယူသီးမှုတွေအပေါ် အခြေခံပြီး သုံးသပ်ခဲ့ကြတာကို တွေ့ရပါတယ်။

နအဖဗိုလ်ချုပ်ကြီးတွေက အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေကို ရစရာမရှိအောင် အမျိုးမျိုးဝေဖန်ရှုံ့ချ ပြောဆိုလေ့ရှိတဲ့အပြင် အမေရိကန်ဦးဆောင်တဲ့ နိုင်ငံစုံတပ်တွေက ပင်လယ်ပြင်နဲ့ ထိုင်းနိုင်ငံဘက်ကတဆင့် ကျူးကျော်ဝင်ရောက် တိုက်ခိုက်လာခဲ့ရင် သူတို့ရေးဆွဲချမှတ်ထားတဲ့ ပြည်သူ့စစ်မဟာဗျူဟာနဲ့ ဘယ်လိုဘယ်ပုံ ပြုတ်ပြုတ်ပြုန်းသွားအောင် ချေမှုန်းပစ်လိုက်မယ်ဆိုပြီး “ပုဆိုးခြုံထဲကလက်သီးပြ” လုပ်ခဲ့ကြပါတယ်။ ဒါပေမဲ့ အမေရိကန် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့တွေ အမှန်တကယ် မြန်မာနိုင်ငံအနီးတဝိုက်ကို ရောက်လာတဲ့အခါမျိုးတွေမှာတော့ မြန်မာစစ်အာဏာရှင်ဗိုလ်ချုပ်ကြီးတွေ စိုးရိမ်ကြောက်လန့်ပြီး စားမဝင်အိပ်မပျော် ဖြစ်လေ့ရှိပါတယ်။

၁၉၈၈ခုနှစ် ရှစ်လေးလုံးဒီမိုကရေစီတိုက်ပွဲကာလ စက်တဘာ(၁၂)ရက်နေ့မှာ အမေရိကန် အမှတ်(၇)ရေတပ်ဖွဲ့က လေယာဉ်တင်သင်္ဘောတစ်စီး အပါအဝင် စစ်သင်္ဘော(၅)စင်းဟာ ရန်ကုန်မြို့တော်ရဲ့တောင်ဘက် ရေမိုင် (၁၉၀)ခန့်အကွာ (မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၇ မိနစ်) နဲ့ (အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၃ မိနစ်)မှာ ရောက်ရှိနေကြောင်း၊ ကြယ်ငါးပွင့်ကော်ပိုရေးရှင်းပိုင် အင်းဝသင်္ဘောက သတင်းပို့ခဲ့တဲ့အတွက် စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ သူတို့ရဲ့မိသားစုတွေအားလုံး အကြောက်လွန်ပြီး နေစရာနေရာမရှိ ဖြစ်ခဲ့ရဘူးပါတယ်။

၁၉၈၈ အာဏာသိမ်းပြီးနောက်ပိုင်းမှာလည်း ကိုကိုးကျွန်းရေတပ်စခန်းက သူတို့ကျွန်းအနီးမှာ အမျိုးအမည်မသိ လေယာဉ်ငယ်တွေနဲ့ သင်္ဘောတချို့ မကြာခဏ လူးလာခေါက်တုန့် ပျံသန်း ခုတ်မောင်းနေကြတာကိုတွေ့ရကြောင်း၊ သတင်းပို့လေ့ရှိတဲ့အတွက်လည်း စစ်အာဏာရှင်ကြီးတွေ ရတက်မအေး ဖြစ်ခဲ့ကြရပါတယ်။ ဒါ့အပြင် အမေရိကန်ဦးဆောင်တဲ့ နိုင်ငံစုံတပ်ဖွဲ့တွေက ထိုင်းနိုင်ငံမှာ နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိတဲ့ **"Cobra Gold"** ခေါ် စစ်ရေးလေ့ကျင့်မှုတွေ စပြီဆိုရင်လည်း နဝတ၊ နအဖ စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးတွေ သွေးပေါင်ချိန်တက်လေ့ရှိပါတယ်။

အမေရိကန်နဲ့ ဗြိတိန်တပ်ဖွဲ့တွေက ၂၀၀၃ခုနှစ် မတ်လ(၂၀)ရက်နေ့မှာ အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ပြီး စစ်အာဏာရှင် ဆဒန်ဟူစိန် ကို ဖမ်းဆီးအရေးယူခဲ့တဲ့အချက်ကလည်း မြန်မာစစ်အာဏာရှင်ကြီးတွေရဲ့ စိုးရိမ်ထိပ်လန့်မှုကို အထွဋ်အထိပ်ရောက်စေခဲ့တာ တွေ့ရပါတယ်။ အလိုလိုနေရင်း ကြောက်နေပါတယ်ဆိုမှ ထပ်ပြီးဖြဲခြောက်ဖို့ ကြိုးစားခဲ့သူကတော့ ဟောလီးဝုဒ်ကကိုလံဘီယာ ရုပ်ရှင်ကုမ္ပဏီ ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီက စတဲ့လ်သ်–၂၀၀၅ **(Stealth-2005)** အမည်ရှိ အက်ရှင်ကားတစ်ခုကို ဒေါ်လာသန်း(၁၁၀)ကျော် အကုန်အကျခံ ရိုက်ကူးထုတ်လုပ်ပြီး ၂၀၀၅ခုနှစ် ဇူလိုင်လအတွင်း တစ်ကမ္ဘာလုံးမှာ တပြိုင်နက် ရုံတင်ပြသခဲ့ပါတယ်။

အသံထက် ၄ ဆမြန်ပြီး ရေဒါတွေဖမ်းလို့မရအောင် တည်ဆောက်ထားတဲ့ **(Stealth)** ခေါ် ကိုယ်ပျောက် အမေရိကန် ဗုံးကြဲလေယာဉ်ကြီး (၄)စင်းက ဖိလစ်ပိုင်ကျွန်းစုအနီးရှိ လေယာဉ်တင်သင်္ဘောကြီးပေါ်ကနေ (၁၅)မိနစ်အတွင်း မြန်မာပြည်ကိုအရောက်ပျံသန်းပြီး ရန်ကုန်နဲ့ပျဉ်းမနားမှာရှိတဲ့ နအဖစစ်ရုံးချုပ်တွေကို ဗုံးကြဲတိုက်ခိုက်ကာ စစ်အာဏာရှင်တစ်စုကို သုတ်သင်ချေမှုန်းခဲ့ပုံတွေကို ရိုက်ကူးထားကြောင်း သိရှိရပါတယ်။

နအဖ ဗိုလ်ချုပ်ကြီးတွေက ကြပ်ပြေးမြို့တော်သစ်ကို ၂၀၀၁ ခုနှစ်ကတည်းက စတင်ဆောက်လုပ်နေတာဖြစ်ပေမဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ အပြီးမသတ်သေးခင် ၂၀၀၅ ခုနှစ် နိုဝင်ဘာလဆန်းမှာ အလျင်စလို စတင်ရွှေ့ပြောင်းဖို့ ဆုံးဖြတ်ခဲ့ရတာဟာ **(Stealth-2005)** ရုပ်ရှင်ကားရဲ့ ပရောဂတွေလည်း ပါဝင်ကောင်း ပါဝင်နိုင်တယ်လို့ ယူဆရပါတယ်။

အမေရိကန်ဦးဆောင်တဲ့ နိုင်ငံစုံရေတပ်ဖွဲ့တွေက ဘင်္ဂလားပင်လယ်ပြင်ကတဆင့် ကမ်းတက်တိုက်ခိုက်မယ်ဆိုရင် အချိန်တိုအတွင်း ရန်ကုန်မြို့ ကျဆုံးသွားနိုင်တယ်ဆိုပြီး တွေးကြောက်နေတဲ့ နအဖဗိုလ်ချုပ်ကြီးတွေက ရန်ကုန်မြို့ရဲ့ မြောက်ဘက် (၂၄၄)မိုင်အကွာ ပဲခူးရိုးမနဲ့ ရှမ်းရိုးမအကြားမှာရှိတဲ့ ပျဉ်းမနားဒေသကို ပြောင်းရွှေ့အခြေပြုရရင် အတော်အသင့် လုံခြုံနိုင်ကောင်းရဲ့ဆိုတဲ့ ခပ်ကြောင်ကြောင်အတွေးနဲ့ ပြောင်းရွှေ့ဖို့ဆုံးဖြတ်ခဲ့တာလည်း ဖြစ်နိုင်ပါတယ်။

ပျဉ်းမနားမြို့ဟာ ပထဝီအနေအထားအရ သမရိုးကျစစ်ပွဲတွေအတွက် အတော်အသင့် လုံခြုံရေးကောင်းတဲ့ဒေသလို့ ဆိုနိုင်ပါတယ်။ စစ်အာဏာရှင်ဟောင်း ဗိုလ်နေဝင်းဟာ ဂျပန်ခေတ်မှာ သူ့ရဲ့တပ်ရင်း(၁)ဌာနချုပ်ကို ပျဉ်းမနားမှာ အခြေပြု ဖွင့်လှစ်ခဲ့ဘူးပါတယ်။ ကြပ်ပြေးမြို့တော်သစ်ဟာ ပျဉ်းမနားမြို့ရဲ့ အနောက်တောင်ဘက် (၁၂)မိုင်ခန့်အကွာ ပျဉ်းမနား–တောင်တွင်းကြီး–လယ်ဝေး လမ်းဆုံအနီးမှာ တည်ရှိတယ်လို့ဆိုပါတယ်။ နအဖက ကြပ်ပြေးနေပြည်တော်ကို တောင်မြောက် (၁၁)မိုင်ကျော်၊ အရှေ့အနောက် (၈)မိုင်နီးပါး အကျယ်ရှိတဲ့ မြေကွက်ပေါ်မှာ စတင်တည်ဆောက်နေတာ ဖြစ်ပါတယ်။

ကောင်းကင်ဓါတ်ပုံတွေအရ ပျဉ်းမနားမြို့နဲ့နီးတဲ့ဘက်ခြမ်းမှာ လုံခြုံရေးအစောင့်တွေနေထိုင်ဖို့လို့ ယူဆရတဲ့ စစ်ဘက်ဆိုင်ရာအဆောက်အဦးတွေကို ဆောက်လုပ်ထားပြီး အဲဒီအဆောက်အဦးတွေရဲ့ အနောက်ဖက် ၂မိုင်ခွဲ ၃မိုင်လောက် အကွာမှာ ဝန်ကြီးရုံးတွေကို သီးခြားစီဆောက်လုပ်ထားတာ တွေ့ရပါတယ်။ ဝန်ကြီးရုံးတွေဟာ ပုံစံတူတွေဖြစ်ပြီး ခေါင်းမိုးတွေကို အပြာရောင် အနီရောင်တွေနဲ့ ချယ်သထားပါတယ်။ ဝန်ကြီးရုံးအဆောက်အဦးတွေကို ကောင်းကင်ကကြည့်တဲ့အခါ စက်ပြင် ဂဏန်းခွပုံစံမျိုး၊ နာဇီစကြာတံဆိပ်ပုံစံမျိုး တွေ့မြင်ရပါတယ်။ ဝန်ကြီးရုံးအဆောက်အဦး (၃၀)လောက်ကို တောင်မြောက် (၅) မိုင်ခွဲနဲ့ အရှေ့အနောက် (၃) မိုင်နီးပါးကျယ်ဝန်းတဲ့ မြေရိုင်းယာပေါ်မှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ တောင်ဘက်မှာရှိတဲ့ ချောင်းမကြီး ရေကာတာအနီးမှာတော့ အစိုးရဧည့်ရိပ်သာတွေကို တည်ဆောက်ထားတယ်လို့ ဆိုပါတယ်။

ဝန်ကြီးရုံးတွေရဲ့တောင်ဖက်မှာ ဝန်ထမ်းအိမ်ယာတွေနဲ့ ဈေးတွေကို တည်ဆောက်နေပါတယ်။ ကြပ်ပြေးလေဆိပ်ကို ကြပ်ပြေးမြို့တော်သစ်ရဲ့တောင်ဘက် (၈)မိုင်ခန့်အကွာမှာရှိတဲ့ လေဘမြို့အနီးမှာ တည်ဆောက်ထားပါတယ်။ စစ်ရုံးချုပ်အပါအဝင် အရေးကြီးတဲ့ စစ်ဘက်ဆိုင်ရာအဆောက်အဦးတွေကိုတော့ ပျဉ်းမနားမြို့ရဲ့အရှေ့မြောက်ဘက် ပေါင်းလောင်းမြစ် တစ်ဖက်ခြမ်းမှာ တောတောင်တွေ အကာအကွယ်ယူပြီး သီးခြားခွဲ တည်ဆောက်ထားကြောင်း သိရှိရပါတယ်။

လေ့လာသူတချို့ကတော့ နအဖဗိုလ်ချုပ်တွေနဲ့ သူတို့ရဲ့မိသားစုတွေ အရူးထပြီး "ယတြာ"ချေတဲ့ အနေနဲ့ ကြပ်ပြေးကို ပြောင်းဖို့ ဆုံးဖြတ်တာဖြစ်နိုင်တယ်လို့ သုံးသပ်ကြတာ တွေ့ရပါတယ်။ ပျဉ်းမနားမြို့ရဲ့ အရပ်လေးမျက်နှာမှာ တည်ရှိနေတဲ့ မြို့တွေဟာ (၉)ဂဏန်းတွေ ဖြစ်နေတဲ့အတွက် ဗေဒင်၊ ယတြာတွေကို ယုံကြည်လွန်းတဲ့ နအဖထိပ်သီး ဗိုလ်ချုပ်ကြီးတွေက ကိုးနဝင်းကျေအောင် အဲဒီအရပ်ကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်တယ်လို့ ယူဆနေကြပါတယ်။ ပျဉ်းမနားမြို့ကို အရှေ့ဘက်မှာ (ပင်လောင်း)၊ အနောက်ဖက်မှာ (မင်းလှ)၊ တောင်ဖက်မှာ (တောင်ငူ)နဲ့ မြောက်ဖက်မှာ (တပ်ကုန်း) စတဲ့မြို့တွေက အသီးသီးဝန်းရံထားကြပါတယ်။ ဒီမြို့တွေရဲ့အမည်တွေကို နေ့နံ ကိန်းဂဏန်းတွေနဲ့ တွက်ချက်ကြည့်ရင် အားလုံး (၉)ဂဏန်းဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် နအဖဗိုလ်ချုပ်ကြီးတွေက ဒီဒေသကိုရွေးချယ်ခဲ့တာ ဖြစ်နိုင်တယ်လို့ ထောက်ပြကြပါတယ်။

နအဖဗိုလ်ချုပ်တွေအနေနဲ့ စစ်ရုံးချုပ်အပါအဝင် အစိုးရရုံးတွေအားလုံးကို ကြပ်ပြေးကိုပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့တာ ဟာ "ပွဲကြမ်း"ဖို့ ပြင်ဆင်တာ ဖြစ်နိုင်တယ်၊ နအဖ က သူတို့ရဲ့ **Road Map** (၇)ချက်ကို မရ ရတဲ့နည်းနဲ့ အောင်မြင်အောင်လုပ်ဆောင်သွားဖို့ အခိုင်အမာဆုံးဖြတ်ထားပြီး ပြည်သူလူထုတစ်ရပ်လုံးနဲ့ရော၊ အပစ်ရပ်အဖွဲ့တွေနဲ့ရော၊ နိုင်ငံတကာနဲ့ပါ ထိပ်တိုက်ရင်ဆိုင်သွားဖို့ "ခံစစ်"ပြင်နေတာ ဖြစ်တယ်၊ နအဖစစ်ရုံးချုပ်နဲ့ ဝန်ကြီးဌာနတွေ ရန်ကုန်မှာဆက်ရှိနေမယ်ဆိုရင် ရှစ်လေးလုံးကာလတုန်းကလို အထွေထွေလူထုအုံကြွမှုကြီးတွေ ဖြစ်ပေါ်လာတဲ့အခါ လူထုအင်အားနဲ့ ဝိုင်းဝန်းပိတ်ဆို့တာကို ခံရနိုင်တဲ့အပြင် လုံခြုံရေးအစောင့်တပ်သားတွေကိုယ်တိုင် ဆန္ဒပြ ရဟန်းရှင်လူ ပြည်သူလူထုနဲ့ ပူးပေါင်းသွားပြီး ဖိလစ်ပိုင်နိုင်ငံမှာလို စစ်အာဏာရှင်တွေဘက်သေနတ်ပြောင်းလှည့်လာမဲ့အခြေအနေကို ကြိုတင်ရှောင်ရှားနိုင်ဖို့အတွက် ကြပ်ပြေးကိုပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့ရတာဖြစ်နိုင်တယ်လို့ ယူဆသူတွေလည်း ရှိခဲ့ပါတယ်။

ကြပ်ပြေးကို မပြောင်းရွှေ့ခင် ၂၀၀၅ခုနှစ် ဩဂုတ်လ(၂၈)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ မြန်မာတိုင်းမ်စ် သတင်းဂျာနယ် သတင်းထောက် ဒေါ်နွယ်နွယ်အေးက "ပျဉ်းမနားကို ပြောင်းရွှေ့မယ်ဆိုတဲ့သတင်း မှန်ကန်ပါသလား" လို့ မေးမြန်းခဲ့စဉ် "အလယ်ပိုင်းကိစ္စက ကနေ့အချိန်အထိ ကျနော်တို့တတွေကို တရားဝင်ညွှန်ကြားချက် ဘာတစ်ခုမှ မရှိပါဘူး" လို့ ဝေ့လည်ကြောင်ပတ် ဖြေဆိုသွားခဲ့တဲ့ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅ နိုဝင်ဘာ(၇)ရက်နေ့ (နအဖဝန်ကြီးရုံးတွေ ကြပ်ပြေးမြို့တော်သစ်ကို တရားဝင်စတင်ပြောင်းရွှေ့ခဲ့ပြီး နောက်တစ်နေ့) မှာ စံချိန်တင်ရမဲ့ အတိုဆုံး သတင်းစာရှင်းလင်းပွဲတစ်ခုကို ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ညနေ(၃)နာရီမှာ စတင်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲဟာ ညနေ(၃နာရီ ၅မိနစ်)မှာ ပြီးဆုံးသွားခဲ့ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲကို ခါတိုင်းလို နအဖ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်တွေနဲ့ စစ်ဘက်အရပ်ဘက် အရာရှိကြီးဆိုသူတွေ တပြုံတမကြီး တက်ရောက်ခဲ့ခြင်းမရှိဘဲ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတစ်ယောက်တည်း ရှုသိုးသိုးနဲ့ ရောက်ရှိလာပြီး "အစိုးရရုံးတွေကို ပျဉ်းမနားဒေသကို ပြောင်းရွှေ့မယ်၊ နယ်စပ်ဒေသနဲ့ ကျေးရွာတွေအပါအဝင် မြန်မာနိုင်ငံတဝှမ်းကို အုပ်ချုပ်ရတာ လွယ်ကူအောင် လမ်းပန်းဆက်သွယ်ရေးအရ ဗဟိုကျတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းကို ပြောင်းရွှေ့ရတာဖြစ်တယ်။ ပြောင်းရွှေ့ရမဲ့ ဝန်ထမ်းတွေအတွက် နေရေးထိုင်ရေးနဲ့ ကျန်းမာရေးအပြင် ကလေးတွေရဲ့ ပညာရေးကအစ အဖက်ဖက်က အပြည့်အစုံ ပြင်ဆင်ထားတယ်။" လို့ ခပ်တိုတို ပြောပြီး ချက်ချင်းထလစ်ဖို့ ကြိုးစားခဲ့ပါတယ်။

ဒါပေမဲ့ သတင်းထောက် (၃၀-၄၀)လောက်က တံခါးဝကပိတ်ပြီး ဝိုင်းအုံမေးမြန်းခဲ့တဲ့အတွက် ဗိုလ်ကျော်ဆန်းက မကျေမလည်ပုံစံနဲ့ အကျဉ်းချုံးပြီး ဖြေကြားခဲ့တာကို တွေ့ရပါတယ်။ ရိုက်တာသတင်းထောက် ဦးအောင်လှထွန်း က "အမေရိကန်တပ်တွေ လာတိုက်မှာကိုစိုးရိမ်လို့ ပြောင်းတာလား၊" လို့ ဒဲ့ဒိုးမေးမြန်းတဲ့အခါ ဗိုလ်မှူးချုပ်ကျော်ဆန်းက "အမေရိကန်တပ်တွေ လာတိုက်မယ်လို့ ခင်ဗျားကို ဘယ်သူပြောသလဲ၊" "အမေရိကန်တွေက ခင်ဗျားကို **statement** ကြိုပေးထားသလား။" လို့ ဘုတောခဲ့ပါတယ်။ တခြားသတင်းထောက်တစ်ဦးကလည်း "လမ်းပန်းဆက်သွယ်ရေးကိစ္စအပြင် တခြား ဘာအကြောင်းတွေရှိလို့ ပျဉ်းမနားမြို့ကို ပြောင်းရတာလဲ၊" ဆိုတဲ့မေးခွန်းကို မေးမြန်းခဲ့ပါတယ်။ ဒီမေးခွန်းကိုလည်း တိုက်ရိုက်မဖြေဘဲ "အချိန်တန်ရင် သိရမှာပေါ့၊"လို့ တုံးတိတိ ဖြေဆိုသွားခဲ့ပါတယ်။

နောက်တစ်ယောက်ကလည်း "ဝန်ထမ်းတွေဘက်က မပြောင်းရွှေ့နိုင်ဘူးဆိုရင်ကော အရေးယူမှာလား၊" လို့ မေးမြန်းတဲ့အခါ "ဝန်ထမ်းဆိုရင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအတိုင်း အရေးယူမယ်၊" လို့ ခပ်တင်းတင်း ဖြေဆိုခဲ့ပါတယ်။ "ပြောင်းရွှေ့ဖို့အတွက် ဘယ်အချိန်ကို နောက်ဆုံးအချိန်အဖြစ် သတ်မှတ်ထားပါသလဲ" လို့ မေးမြန်းရာမှာလည်း "သင့်တော်တဲ့အချိန် ပြောပါ့မယ်" လို့သာ ခပ်တိုတို ဖြေဆိုခဲ့ပါတယ်။

ကျန်တဲ့သတင်းထောက်တွေကလည်း "မိသားစုဝင်တွေ လိုက်လို့ရသလား"၊ "အဲဒီနေရာကို မိသားစုတွေ ဆွေမျိုးတွေ သွားရောက်လည်ပတ်ခွင့် ရှိသလား"၊ ဆိုတဲ့ မေးခွန်းတွေကို ဝိုင်းပြီးမေးမြန်းခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီမေးခွန်းတွေကိုတော့ ဗိုလ်မှူးချုပ်ကျော်ဆန်းက ဘာတစ်ခုမှ ပြန်မဖြေခဲ့ပါဘူး။ ယုတ်စွအဆုံး "အခုပြောင်းရွှေ့တဲ့နေရာကို ဘာလို့ခေါ်ပါသလဲ"၊ လို့ မေးတာကိုတောင် "နောင်အချိန်တန်ရင် ပြောပါ့မယ်" လို့သာ ပြီးစလွယ်ဖြေဆိုပြီး ဒရောသောပါးနဲ့ ထွက်သွားခဲ့ပါတယ်။

သတင်းထောက်တွေ ဝိုင်းဝန်းမေးမြန်းခဲ့စဉ်က ကြပ်ပြေးမြို့တော်သစ်ရဲ့အမည်ကို ဗိုလ်မှူးချုပ်ကျော်ဆန်း ချက်ချင်းမဖြေဆိုနိုင်ခဲ့တာဟာ မြို့တော်သစ်ရဲ့အမည်အတွက် တော်ဝင်မိသားစုအတွင်းမှာ အငြင်းအခုံဖြစ်နေပြီး တရားဝင် အတည်ပြုချက် မထုတ်ပြန်နိုင်သေးတာကြောင့် ဖြစ်ပါတယ်။ ဒေါ်ကြိုင်ကြိုင် ကိုးကွယ်တဲ့ ဘိုးတော်တွေက မြို့တော်သစ်ကို "ရန်ရှင်း" ဒါမှမဟုတ် "ရန်စင်" လို့ အမည်ပေးဖို့ အခါတော်ပေးခဲ့ကြပေမဲ့ ဘုရင်ရူး ရူးနေတဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဒီတစ်ကြိမ်မှာတော့ မိဖုရားခေါင်ကြီးရဲ့ စကားကို ဗီတိုအာဏာနဲ့ပယ်ချခဲ့ပြီး "နေပြည်တော်"လို့ အမည်ပေးဖို့ တစ်ချက်လွှတ် အမိန့်တော်ချမှတ်ခဲ့ကြောင်း သိရှိရပါတယ်။

***End of report/ Sunday, March 29, 2009***

*ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချီသည်။*

***Documentation and Research Department (NDD)***